"တရုတ်နိုင်ငံကွန်မြူနစ်ပါတီ(၁၉)ကြိမ်မြောက်ပြည်လုံးကျွတ် ပြည်သူကိုယ်စားလှယ်အစည်းအဝေး"

ယူနန်ပြည်နယ်ကိုယ်စားလှယ်အုပ်စုဖွင့်လှစ်ရက် တရုတ်နိုင်ငံပြည်တွင်းပြည်ပမီဒီယာများမှ ခုနှစ်ပျံကျော်လွှားပုံစံဖွံ့ဖြိုးတိုးတက်မှုကိုအထူးစူးစိုက်

အောက်တိုဘာလ(၁၉)ရက်နံနက်ပိုင်း တရုတ်ပြည်သူ့အစည်းအဝေးခန်းမ ယူနန်အခန်းအတွင်းတွင် ယူနန်ပြည်နယ်ကိုယ်စားလှယ်အုပ်စုမှ စုံညီအစည်းအဝေးကျင်းပခဲ့သည်။ ပါတီ၏(၁၉)ကြိမ်မြောက် ပြည်သူ့ကိုယ်စားလှယ် အစည်းအဝေးအစီရင်ခံစာကို ဆွေးနွေးခဲ့ကြသည်။ မီဒီယာများထံ အစည်းအဝေးကျင်းပသည်ကို အချိန်ပြည့်ဖွင့်လှစ်ပြသခဲ့ရာ ထိုင်ဝမ်၊ ဟောင်ကောင်၊ မာကာအိုမှ နိုင်ငံခြားမီဒီယာ(၁၀)ခုပါဝင်သည့် တရုတ်နိုင်ငံပြည်တွင်းပြည်ပမီဒီယာပေါင်း(၄၅)ခု၊ သတင်းထောက်(၆၀)ဦးကျော်ကို လာရောက်သတင်းယူရန် ဆွဲဆောင်နိုင်ခဲ့သည်။ ကိုယ်စားလှယ်(၁၁)ဦးမှ မိန့်ခွန်းစကားပြောဆိုပြီးနောက် မီဒီယာသတင်းထောက်များသည် ယူနန်၏ ခုနှစ်ပျံကျော်လွှားမှုပုံစံဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်း၊ ခရီးသွားစျေးကွက်ထိန်းသိမ်းရေး၊ ဆင်းရဲနွမ်းပါးမှုခုခံတိုက်ဖျက်ရေးစသည့် ရေပန်းစားခေါင်းစဉ်များအပေါ် မေးမြန်းမှုများ ပြုလုပ်ခဲ့ပါသည်။ ယူနန်ပြည်နယ်ကိုယ်စားလှယ်အုပ်စုအဖွဲ့ခေါင်းဆောင်၊ ပြည်နယ်ပါတီကော်မတီအတွင်းရေးမှူးချိန်ဟောင်၊ ကိုယ်စားလှယ်အုပ်စုဒုတိယအဖွဲ့ခေါင်းဆောင်၊ ပြည်နယ်ပါတီကော်မတီဒုတိယအတွင်းရေးမှူး၊ ပြည်နယ်အုပ်ချုပ်ရေးမှူး ယွမ်ချိန်ဖားစသည်တို့မှမေးခွန်းများကို ဖြေဆိုပေးခဲ့ကြပါသည်။

ခုနှစ်ပျံကျော်လွှားပုံစံဖွံ့ဖြိုးတိုးတက်ရေးကို ယူနန်ကမည်သို့ဖြစ်မြောက်လုပ်ဆောင်နိုင်ခဲ့သနည်း

ဟောင်ကောင်တာကုန်းသတင်းစာမှ သတင်းထောက်တင်ပြမေးမြန်းသည့် "ယူနန်သည် တစ်နိုင်ငံလုံးနှင့်ပုံမှန်ချိမ်သာရေးဘက်စုံဆောက်လုပ်သည့်လမ်းကြောင်းသို့ တစ်ချိန်တည်းလုပ်ဆောင်နေစဉ်တွင် အားသာချက်များကို မည်သို့လုပ်ဆောင်ပြီး 'အားနည်းသည့်ဌက် အရင်ပျံသန်း' 'အားနည်းသည့်ဌက်အမြန်ပျံသန်း'သည်ကို မည်သို့ဖြစ်မြောက်စေကာ ခုနှစ်ပျံကျော်လွှားမှုပုံစံဖွံ့ဖြိုးတိုးတက်ရေးကို မည်သို့ဖြစ်မြောက်စေခဲ့သနည်း။" မေးခွန်းအပေါ် ယူနန်မှခုနှစ်ပျံကျော်လွှားမှုပုံစံဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်မြောက်နိုင်ခဲ့သည်မှာ ပထမအချက်သည် အတွေးအခေါ်ကို ပြောင်းလဲပြီး ဖွံ့ဖြိုးတိုးတက်မှုကိုတွန်းတင်ကာ အလုပ်ဝန်ထမ်းအုပ်စုများအတွင်းတွင်တည်ရှိသည့် ပိတ်ဆို့၊ ရပ်တန့်သည့် ခေတ်နောက်ကျသည့် အတွေးအခေါ်များကိုပယ်ဖျက်ကာ ဆန်းသစ်၊ ညှို့နှိုင်း၊ အစိမ်းရောင်၊ ဖွင့်လှစ်၊ အတူခံစားသည့် ဖွံ့ဖြိုးတိုးတက်မှု အတွေးအခေါ်အသစ်ဖြင့် ကျော်လွှားပုံစံဖွံ့ဖြိုးတိုးတက်မှုကို ဦးဆောင်ကာ ပြောင်းလဲခြင်းဖြစ်ကြောင်း ချိန်ဟောင်ကဖော်ပြခဲ့သည်။ ဒုတိယအချက်မှာ ပြုပြင်ပြောင်းလဲဖွင့်လှစ်မှုကို နက်ရှိုင်းစွာလုပ်ဆောင်သည့်အပေါ် ခုနှစ်ပျံကျော်လွှားပုံစံ ဖွံ့ဖြိုးတိုးတက်မှုကို တွန်းတင်ခြင်းဖြစ်ပါသည်။ ယူနန်သည် ပထဝီတည်နေရာအားသာချက် သိသာထင်ရှားသည်။ နောက်ကြောတွင်တရုတ်နိုင်ငံလူဦးရေ သန်းပေါင်း(၁၃၀၀)ရှိသောစျေးကွက်ကိုမှီပြီး တောင်အာရှအရှေ့တောင်အာရှ လူဦးရေသန်းပေါင်း(၂၃၀၀)ရှိသည့်စျေးကွက်ကြီးကို မျက်နှာပြုနေသည်။ စျေးကွက်ကြီးနှစ်ခု၏ခြံတ်ဆက်ပို့ရှင့်တွင်တည်ရှိနေသောကြောင့် ခုနှစ်ပျံကျော်လွှားပုံစံဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်ကျယ်ပြန့်သောနေရာကို ထောက်ပံ့ပေးနိုင်ခဲ့သည်။ တတိယအချက်မှာ ဆန်းသစ်တီထွင်မှုအင်ဂျင်ကို ပိုမိုခိုင်ခံ့အောင်လုပ်ဆောင်သည့်အပေါ် ခုနှစ်ပျံကျော်လွှားမှုပုံစံဖွံ့ဖြိုးတိုးတက်မှုကို တွန်းတင်ပေးသည်။ ယခုနှစ်ပိုင်း ကျွန်တော်တို့သည် ထုတ်လုပ်မှုပညာသုတေသနပူးပေါင်းခြင်းနှင့် သိပ္ပံနည်းပညာရလဒ်ပြောင်းလဲခြင်းတို့ကို တက်ကြွစွာတွန်းတင်နေကာ ဆန်းသစ်တီထွင်မှုသိပ္ပံနည်းပညာလူထူးလူချွန်နှင့် အဆင့်မြင့်သိပ္ပံနည်းပညာလုပ်ငန်းစီမံကိန်းများကို သွင်းယူလုပ်ဆောင်နေသည်။ သတင်းအချက်အလက်လုပ်ငန်း၊ ဇီဝဆေးပညာ၊ ခေတ်မီစက်ရိယာထုတ်လုပ်မှုစသည့် ဆန်းသစ်တီထွင်မှုလုပ်ငန်းများကို အစွမ်းကုန်ဖွံ့ဖြိုးတိုးတက်နေခြင်းဖြင့် ခုနှစ်ပျံကျော်လွှားပုံစံဖွံ့ဖြိုးတိုးတက်ရေးအတွက် အင်အားပါသောထောက်ခံမှုအဖြစ် ထောက်ပံ့ပေးထားသည်။ စတုတ္ထအချက်မှာ ကောင်းမွန်သော ဖွံ့ဖြိုးတိုးတက်ပတ်ဝန်းကျင်ကို လုပ်ဆောင်ခြင်းဖြင့် ခုနှစ်ပျံကျော်လွှားပုံစံဖွံ့ဖြိုးတိုးတက်မှုကို တွန်းဆော်ပေးခြင်းဖြစ်သည်။

ယူနန်ခရီးသွားလာရေးလုပ်ငန်းသည် မည်သို့ပုံစံပြောင်းအဆင့်မြှင့်တင်ခဲ့သနည်း

တရုတ်နှေ့စဉ်သတင်းစာမှ သတင်းထောက်တင်ပြမေးမြန်းသော ယူနန်တွင် မည်သည့် လုပ်ဆောင်ချက်အသစ်များဖြင့် ခရီးသွားလာရေးလုပ်ငန်းပုံစံပြောင်းအဆင့်မြှင့်တင်စေကာ ခရီးသွားစျေးကွက် စနစ်တကျဖြစ်မြောက်အောင် လုပ်ဆောင်နေသနည်း မေးခွန်းအပေါ် ယူနန်ခရီးသွား လုပ်ငန်းများပုံစံပြောင်းအဆင့်မြှင့်တင်ခြင်း၊ ကျန်းမာစွာဖွံ့ဖြိုးတိုးတက်ခြင်းအတွက် ယူနန်သည် ပထမအချက်မှာ နယ်ပယ်အားလုံးခရီးသွားလာရေးကို အစွမ်းကုန်လုပ်ဆောင်ပြီး ခရီးသွားအများပိုင် အခြေခံအဆောက်အအုံများ၊ ခရီးသွားကုန်ပစ္စည်းများ၊ ခရီးသွားတည်နေရာများ၏ ပုံစံပြောင်းအဆင့်မြှင့်တင်မှုကို တွန်းတင်လုပ်ဆောင်ခြင်းဖြစ်ကြောင်း ယွမ်ချိန်ဖားက ဖော်ပြခဲ့သည်။ ဒုတိယအချက်မှာ စမတ်ခရီးသွားလာရေးကို လုပ်ဆောင်ခြင်းဖြစ်သည်။ "ဖုန်းတစ်လုံးဖြင့် ယူနန်ကိုလည်ပတ်"ခြင်းကို အရှိန်မြန်ဆောက်လုပ်လုပ်ဆောင်နေသည်။ တတိယအချက်မှာ အုပ်ချုပ်ရေးဝန်ဆောင်မှုအဆင့်ကို ဘက်စုံမြှင့်တင်ခြင်းဖြစ်သည်။ ကိန်းဂဏန်းပုံစံစင်မြင့် ဆောက်လုပ်ရေးကို မြန်မြန်ဆောက်လုပ်ပြီး ခရီးသွားအကြံပေးတိုင်ကြားမှုများကို အချိန်မြန်မြန် ထိရောက်စွာလုပ်ဆောင်ခြင်းများကို ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

နိုင်ငံခြားမီဒီယာများက "တရုတ်အရှိန်"ကို ခံစား

အောက်တို ဘာလ(၁၆)ရက်နေ့ တရုတ်ကွန်မြူနစ်ပါတီ(၁၉)ကြိမ်မြောက် ပြည်လုံးကျွတ် ပြည်သူ့ကိုယ်စားလှယ်အစည်းအဝေးတွင် ပါဝင်သတင်းယူသည့် တရုတ်နိုင်ငံပြည်တွင်းပြည်ပမီဒီယာပေါင်း(၄၀)ကျော်မှ သတင်းထောက်(၆၀)ကျော်သည် ပေကျင်းတာရှင်းသို့သွားရောက်ပြီး လေဆိပ်အသစ်ဆောက်လုပ်ရေးစီမံကိန်းကို သတင်းယူခဲ့ကြသည်။ အောက်တိုဘာလ(၁၂)ရက်နေ့မှစပြီး တရုတ်ကွန်မြူနစ်ပါတီ(၁၉)ကြိမ်မြောက် ပြည်လုံးကျွတ်ပြည်သူ့ကိုယ်စားလှယ်အစည်းအဝေးပေကျင်းအလယ်ဗဟိုလိုင်း၊ အခြေခံအဆင့်ပါတီဆောက်လုပ်ရေး၊ နန်းတော်စသည်တို့ပါဝင်သော လမ်းကြောင်း(၁၅)ခု၏သတင်းယူမှုအစီအစဉ်ကို သတင်းစင်တာမှစုဆောင်းဖွဲ့စည်းကာ ပြည်တွင်းပြည်ပသတင်းထောက်များအား တရုတ်နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးအောင်မြင်မှု ရလဒ်များကို ပိုမိုသိရှိနားလည်စေခဲ့သည်။ ပုံသည် ပေကျင်းလေဆိပ်အသစ် ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် South Sudan ရေဒီယိုအုပ်စုသတင်းထောက်မှ သတင်းယူမေးမြန်းရိုက်ကူးထားခြင်းဖြစ်သည်။

သတင်းထောက် လျောကျင်းဟိုင်

ဆင်းရဲနွမ်းပါးမှုခုခံတိုက်ဖျက်ရေးကို ယူနန်ကမည်သို့အောင်မြင်စွာ လုပ်ဆောင်ခဲ့သနည်း

တရုတ်နိုင်ငံတကာ ရေဒီယိုလိုင်းသတင်းထောက်မှ တင်ပြမေးမြန်းသော ယူနန်ပြည်နယ်တွင် မည်သည့်ဆင်းရဲနွမ်းပါးမှုကို နက်ရှိုင်းစွာတိုက်ဖျက်သည့် နည်းလမ်းများ လုပ်ဆောင်နေသနည်း မေးခွန်းပေါ် ဖြေကြားသွားသည်မှာ-ယူနန်၏ ဆင်းရဲနွမ်းပါးမှုလျော့ချရေးတာဝန်မှာ အလွန်ပင်ခက်ခဲပါကြောင်း တစ်ပြည်နယ်လုံးတွင် ဆင်းရဲနွမ်းပါးမှုလူဦးရေသိန်းပေါင်း(၄၄၊ ၇)ဦးနှင့် ဆင်းရဲခရိုင်(၈၈)ခုရှိသောကြောင့် တစ်နိုင်ငံလုံးတွင်ပထမဖြစ်နေကြောင်း ချိန်ဟောင်ကဖော်ပြခဲ့သည်။ အထူးသဖြင့်နယ်နှိုင်းပြည်နယ်ခွဲ၊ တီချင့်ပြည်နယ်ခွဲတွင်ဆင်းရဲဖြစ်ပေါ်နှုန်းမှာ(၂၈၊ ၂%)၊ (၃၂၊ ၅၄%) အသီးသီးရှိကြသည်။ ဆင်းရဲရသည့် အကြောင်းအရင်းများလည်း ရှုပ်ထွေးလှပေသည်။ သို့သော် ကျွန်တော်တို့မှာ ယုံကြည်ချက်ဆုံးဖြတ်ချက်အပြည့်အဝဖြင့် ၂၀၂၀ခုနှစ်တွင် ဘက်စုံဆင်းရဲနွမ်းပါးမှုကင်းရှင်းရေး ဖြစ်မြောက်စေမည်ဖြစ်သည်။ ယင်းသည် ကျွန်တော်တို့မှ ပါတီဗဟိုထံမှ ပေးအပ်ခဲ့သည့် စစ်အမိန့်ဖြစ်ပေသည်။ ထို့ကြောင့် ကျွန်တော်တို့သည် သေချာတိကျစွာဖြင့် ဆင်းရဲနွမ်းပါးမှုလျော့နည်းကာ ဆင်းရဲနွမ်းပါးမှုကင်းရှင်းစေမည်ဖြစ်သည်။ နယ်ပယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နီးစပ်စွာချိတ်ဆက်ပြီး ရွာတိုင်းအိမ်တိုင်း လူတိုင်းအထိ ကူညီထောက်ပံ့ပေးခြင်း၊ "သွေးသွင်းခြင်း"မှ "သွေးသစ်လုပ်ခြင်း"ကိုအတူလုပ်ဆောင်ခြင်း၊ ဥစ္စာဆင်းရဲကင်းရှင်းခြင်းမှအတွေးအခေါ်ဆင်းရဲကင်းရှင်းခြင်း အတူလုပ်ဆောင်ခြင်း၊ ပြင်ပထောက်ပံ့ကူညီခြင်းမှ ကိုယ်ပိုင်ရပ်တည်ခြင်းကို ချိတ်ဆက်လုပ်ဆောင်ပေးခြင်းစသည်တို့ကို ဖြစ်မြောက်စေမည်ဖြစ်သည်။ ပုံမှန်ထက်ကျော်လွန်သောဆင်းရဲနွမ်းပါးမှုခုခံတိုက်ဖျက်သည့် လုပ်ဆောင်ချက်များဖြင့် ဆင်းရဲနွမ်းပါသောဒေသကို တစ်နိုင်ငံလုံးနှင့်တစ်ချိန်တည်းဖြစ်စေပြီး ချမ်းသာသောလူမှုလောကသို့ ဘက်စုံဆောက်လုပ်နိုင်ရန် အာမခံပေးသည်။

သတင်းထောက် ထမ်ကျင့်ကျန်ရင်

ပိုမိုများပြားသော
သတင်းအချက်အလက်များကို
သိလိုလျှင် ယူနန်အမြန်သတင်းစဉ်
ဝဘ်ဆိုက်ကို ဝင်ရောက်ပါ။
english.yunnan.cn